# ရွှေခမောက်

## သတင်းစဉ်

အမှတ်စဉ် ၅၀/၂၀၀၇

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်။




"××× ကျမတို့ အဖွဲ့ချုပ်က တာဝန်ခံတွေကို အားလုံးပြောထားပါတယ်။ နိုင်ငံရေးလုပ်တဲ့အခါမှာ အခုအခါမှာ ဖမ်းဆီးခံရရင်းလည်း ခံရမှာပဲ။ ရင်ဆိုင်ရမယ်။ အဖမ်းခံရမယ်။ ကိုယ်လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စများ ပြည်သူလူထုဖက်ကနေပြီးတော့ ပြည်သူလူထုအခွင့်အရေးအတွက် အကာအကွယ်ပေးသင့်တဲ့ ကိစ္စများမှာ အားလုံး အကာအကွယ်ပေးရမယ်။ ဖမ်းရင်လည်း ဖမ်းပါစေဆိုပြီးတော့ ကျမတို့ဟာ ဒီမူအတိုင်းပဲလုပ်ပါတယ်။ ဒါပေမဲ့ ဒီအပေါ်မှာ ထပ်လောင်းပြီးတော့ ညှဉ်းပမ်းနှိပ်စက်မှုတွေ ပေါ်လာတဲ့အခါကျတော့ ဒါအင်မတန်မှ မနှစ်မြို့ဘွယ်ရာပဲ။ နိုင်ငံရေးအရ ညှဉ်းပမ်းနှိပ်စက်တယ်ဆိုတာဟာ ပြည်သူလူထုကို လွတ်လွတ်လပ်လပ် ယုံကြည်ပိုင်ခွင့် မပေးတာနဲ့ အတူတူပဲ။ ကိုယ့်ရဲ့ယုံကြည်ချက်အရ ကိုယ်လှုပ်ရှားနေတာကို မလှုပ်ရှားရဲအောင်လို့ ခြိမ်းခြောက်တယ်၊ နှိပ်စက်တယ်၊ ဖမ်းဆီးတယ်ဆိုတာတော့ ပြည်သူလူထုကို လုံးလုံး အလေးမထားဘူး၊ ပြည်သူလူထုကို တန်ဖိုးမထားဘူးဆိုတာ ပြတာဖြစ်ပါတယ် ×××"

***(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စည်းရုံးရေးခရီးစဉ်များနှင့် ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲတခုတွင် ပြောကြားချက်များမှ ကောက်နုတ်ဖော်ပြပါသည်။)***

**ဒေါ်အောင်ဆန်းစုကြည်**
**နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင်**
**(၄)နှစ်(၅)လနဲ့(၁၀)ရက်ရှိသွားပါပြီ။**

## ယနေ့ သတင်းများ


၁။ [၈၈] မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦး ထပ်မံ ဖမ်းဆီးခံရ၊ နိုင်ငံရေးအကျဉ်းသား၏ မိခင်ကိုလည်း ဖမ်းဆီး

၂။ ရုပ်ရှင်မင်းသားကျော်သူနှင့် သူ့ဇနီး မရွှေဇီးကွက်တို့ အဖမ်းခံရ

၃။ မြန်မာ့နိုင်ငံရေး ရာသီဥတုအခြေအနေအပေါ် သုံးသပ်ချက်

၄။ ဆန္ဒပြရာတွင်ပါဝင်သူတဦး စစ်ကြောရေးစခန်းတွင် သေဆုံး

၅။ အမ်အေအိုင် ခရီးစဉ်များ အရေးပေါ်ဖျက်သိမ်း

၇။[၈၈] ကျောင်းသားခေါင်းဆောင်နှစ်ဦး ထပ်မံ အဖမ်းခံရ

၈။ ဖမ်းဆီးခံနေရသည့် လွှတ်တော်ကိုယ်စားလှယ်များ နှင့်ပတ်သက်ပြီး ဘာသတင်းမှ စုံစမ်းလို့မရသဖြင့် မိသားစုဝင်များ အထူးစိုးရိမ်နေ

၉။ ဒီမိုကရေစီလှုပ်ရှားသူ အလောင်းများ ပျောက်ဖျက်ခံနေရ

၁၀။ စစ်ထရပ်ကား [၂] စီးအပြည့် သံဃာတော်များနဲ့ ကျောင်းသားများကို သရက်ထောင်ပို့

၁၁။ မြန်မာ့အရေး နိုင်ငံတကာဆောင်ရွက်ချက် အချိန် နှောင်းခဲ့တယ်လို့ သမ္မတဟောင်း ဂျင်မီကာတာ ပြောဆို

၁၂။မိခင်ဖြစ်သူ အဖမ်းဆီးခံနေရပြီး၊ အဖေဖြစ်သူ ကဗျာဆရာငြိမ်းသစ်တိမ်းရှောင်နေရတဲ့အတွက် သားသမီးများအတွက် စောင့်ရှောက်သူမဲ့နေရ

၁၃။ ဒေါ်အောင်ဆန်းစုကြည်ကို အိန္ဒိယသံအမတ် တွေ့ဆုံခွင့်ရခဲ့ဟု အိန္ဒိယသတင်းဌာနများက ဖော်ပြ

၁၄။ ကိုကျောက်ခဲကို စီရင်ချက်ချမည် ၁၅။ ပဲခူး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လှ ပြန်လွှတ်

၁၆။ ဦးသန်းလွင်မိသားစုဝင်များ ထောင်ချခံရ


# [၈၈] မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦး ထပ်မံ ဖမ်းဆီးခံရ၊ နိုင်ငံရေးအကျဉ်းသား၏ မိခင်ကိုလည်း ဖမ်းဆီး

*ဒီဗွီဘီ၊ ၁၀ အောက်တိုဘာလ၊၂၀၀၇*

၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ခေါင်းဆောင်တဦးဖြစ်တဲ့ ကိုလှမျိုးနောင်ကို စစ်ထောက်လှမ်းရေးနဲ့ ရဲအထူးသတင်းတပ်ဖွဲ့တို့က ဒီနေ့မွန်းလွဲပိုင်းမှာ ဖမ်းဆီးသွားကြောင်း စုံစမ်းသိရှိရပါတယ်။ ကိုလှမျိုးနောင်ဟာ မျက်လုံးခွဲစိတ်ဖို့ စမ်းချောင်းမြို့နယ်ထဲက မျက်စိအထူးကုဆေးခန်းကိုအသွားမှာ ဖမ်းဆီးခံလိုက်ရတာလို့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ဝင်တဦးက ပြောပါတယ်။

မန္တလေးထောင်မှာ နှစ်ရှည်အကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား ကိုဘိုဘိုရဲ့မိခင် ဒေါ် မြင့်မြင့် ကြည်ကိုလည်း အာဏာပိုင်များက အကြမ်းဖက်ဖမ်းဆီးသွားကြောင်း မိသားစုနဲ့နီးစပ်သူများက ပြောပါတယ်။ ဒေါ် မြင့်မြင့်ကြည်ကို ရန်ကုန် စမ်းချောင်းမြို့နေအိမ်ကနေ ဖမ်းဆီးသွားတာ ဖြစ်ပါတယ်။ ဘာကြောင့်ဖမ်းတယ်ဆိုတာ မသိရပေမယ့် ဒေါ် မြင့်မြင့်ကြည် အဖမ်းခံလိုက်ရတဲ့အတွက် ကိုဘိုဘိုဆီကို ထောင်ဝင်စာသွားတွေ့မယ့်သူမရှိဖြစ်တော့ဘူးလို့ မိသားစုနဲ့နီးစပ်သူများက ပြောပါတယ်။ ပြီးခဲ့တဲ့ဩဂုတ်နှောင်းပိုင်းကစပြီး အခုထိ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ဝင် အနည်းဆုံး (၂၅) ဦးခန့် ဖမ်းဆီးခံနေရပြီဖြစ်ပါတယ်။ မြန်မာစစ်အစိုးရက လောင်စာဆီဈေးမြှင့်လိုက်တဲ့နောက်ပိုင်း ငြိမ်းချမ်းစွာလမ်းလျှောက်ပြီး စတင်ဆန္ဒဖော်ထုတ်တဲ့ ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ မင်းဇေယျ စတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များကို ဩဂုတ် (၂၁) ရက် ညသန်းခေါင်ကျော်မှာ နအဖစစ်အာဏာပိုင်များက တပြိုင်နက် တည်း စတင်ဖမ်းဆီးပါတယ်။

ကျောင်းသားခေါင်းဆောင်များကို ဖမ်းဆီးလိုက်ပေမယ့် ပြည်သူများရဲ့ ငြိမ်းချမ်းစွာဆန္ဒပြပွဲများ ဆက်လက်ပေါ်ပေါက်လာပြီး နောက်ဆုံးမှာ သံဃာတော်များလည်းပါဝင်ဆန္ဒပြလာရာမှာ စစ်အစိုးရက စက်တင်ဘာမှာ အကြမ်းဖက်စော်ကားပြီး နှိမ်နင်းတာကြောင့် သံဃာတော်များက အာဏာပိုင်များနဲ့ မဆက်ဆံရေး ပတ္တနိက္ကုဇ္ဇနကံဆောင် သပိတ်မှောက်တော်မူကြပါတယ်။ စက်တင်ဘာလကုန်ပိုင်းမှာ ငြိမ်းချမ်းစွာဆန္ဒပြတဲ့

သံဃာတော်များနဲ့ ကျောင်းသားများအပါအဝင် ပြည်သူများကို ပစ်ခတ်ရိုက်နှက်ညှဉ်းပန်းဖြိုခွဲတာကြောင့် ရာချီသေဆုံးပြီး ထောင်ချီဖမ်းဆီးခံနေရ ပြီဖြစ်ပါတယ်။ အခုအရေးအခင်းမှာ ရဟန်းရှင်လူ (၂၀၀) ခန့် စစ်အစိုးရလက်ချက်ကြောင့် အသက်ဆုံးခဲ့ရပြီး (၆၀၀၀) ခန့် ထိန်းသိမ်းခံနေရပြီလို့ နိုင်ငံတကာသတင်းဌာနများက ဖော်ပြပါတယ်။ ■

---

## ရုပ်ရှင်မင်းသားကျော်သူနှင့် သူ့ဇနီး မရွှေဇီးကွက်တို့ အဖမ်းခံရ

*ဒီဗွီဘီ၊ ၁၀ အောက်တိုဘာလ၊၂၀၀၇*

ငြိမ်းချမ်းစွာဆန္ဒပြတဲ့သံဃာတော်များကို ဆွမ်းကပ်လှူဒါန်းခဲ့တဲ့ ရုပ်ရှင်မင်းသားကျော်သူနဲ့ဇနီး မရွှေဇီးကွက်တို့ကို ဒီနေ့မနက်ပိုင်းမှာ စစ်ဖက်နဲ့ ရဲဖက် ထောက်လှမ်းရေးအဖွဲ့များက ရန်ကုန်မြို့တနေရာမှာ ဖမ်းဆီးလိုက်ကြောင်း ရုပ်ရှင်လောကသားအချို့က ပြောပါတယ်။ ဘယ်နေရာမှာဖမ်းဆီးသွားတယ်ဆိုတာတော့ မသိရသေးပါဘူး။ သီးခြားတည်ပြုချက်ရယူဖို့ ကိုကျော်သူရဲ့နေအိမ်ကို ဆက်သွယ်မေးဖို့ ကြိုးစားရာမှာလည်း ဖုန်းအဆက်သွယ်မရပါဘူး။

ကိုကျော်သူဟာ အာဏာပိုင်များက ခြိမ်းခြောက်နေပေမယ့် ဆန္ဒပြကြွချီတော်မူမယ့် သံဃာတော်များကို ရွှေတိဂုံစေတီမှာ အမျိုးသားရေး ဦးဝင်းနိုင်၊ ကိုဇာနာ စသူတို့နဲ့အတူ စက်တင်ဘာ (၂၅)၊ (၂၆) နှစ်ရက် ဆက်တိုက် ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ အာဏာပိုင်များက ဆန္ဒပြသူများကို နှိမ်နင်းမယ်လို့ အသံချဲ့စက်နဲ့ အော်ဟစ်ကြေညာနေချိန်မှာပဲ ကိုကျော်သူဟာ အနုပညာရှင်များနဲ့လက်တွဲပြီး ဆန္ဒပြသံဃာတော်များကို ထောက်ပံ့ကူညီခဲ့သူ ဖြစ်ပါတယ်။ ကိုကျော်သူနဲ့အတူ သံဃာတော်များကို ဆက်ကပ်လှူဒါန်းကူညီခဲ့သူများအနက် ကိုဇာဂနာနဲ့ ဦးဝင်းနိုင်တို့ကို အာဏာပိုင်များက စက်တင်ဘာ (၂၅) ရက်ညမှာ ဖမ်းဆီးလိုက်ပြီး ကိုကျော်သူကတော့ တိမ်းရှောင်နိုင်ခဲ့ပါတယ်။ ပြည်သူများဘက်ကရပ်တည်ပြီး ဆန္ဒပြတော်မူတဲ့ သံဃာတော်များကို သူ့နည်းတူ ရဲရဲဝံ့ဝံ့တောက် ပံ့ကူညီခဲ့တဲ့ကိုကျော်သူက ပြည်သူများကိုလည်း (၂၅) ရက်မှာ တိုက်တွန်းအားခဲ့ပါတယ်။

"ကျနော်တို့ဗုဒ္ဓဘာသာဝင်တွေအတွက် စိတ်ဓာတ်က အရေးကြီးပါတယ်။ သံဃာတော်တွေမျက်နှာကို ထောက်ထားသောအားဖြင့် မြတ်စွာဘုရားကို ကိုးကွယ်ရာလည်း ရောက်ပါတယ်။ မြတ်စွာဘုရားရဲ့ ဆုံးမဩဝါဒအတိုင်း လုပ်ဖို့ပဲရှိတယ်။ ဖမ်းမယ်ဆီးမယ်ဆိုတာကိုလည်း ကျနော်တို့က ကြောက်ရွံ့နေလို့တော့မဖြစ်ဘူးခင်ဗျ။" ■

---




## မြန်မာ့နိုင်ငံရေး ရာသီဥတုအခြေအနေအပေါ် သုံးသပ်ချက်

*ဗွီအိုအေ၊ ၁၀ အောက်တိုဘာလ၊ ၂၀၀၇*

မြန်မာ့နိုင်ငံရေး ရာသီဥတုကို ကြည့်မယ်ဆိုရင် မြန်မာပြည်မှာ ရိုက်ခတ်နေတဲ့ နိုင်ငံရေးမုန်တိုင်းဟာငြိမ်သက်ခြင်း မရှိသေးပါဘူး။ တကယ်တော့ ဒီမုန်တိုင်းဟာ ဆက်လက် တိုက်ခတ်နေဆဲပါ။ တဖက်တည်းက တိုက်ခတ်နေတာ မဟုတ်ဘဲနဲ့ ဘက်ပေါင်းစုံက တိုက်နေတဲ့ စိုက်ကလုံးမုန်တိုင်းကြီးလို့တောင်ဆိုရပါလိမ့်မယ်။ ပြည်သူတွေဖက်ကိုအရင် ကြည့်ကြပါစို့။ ပြည်သူဖက်က လှုပ်ရှားမှုတွေ ရှိနေဆဲပါ။ ပြည်သူတွေရဲ့ မကျေနပ်မှုတွေ ကိုအဆက်မပျက် ကြားနေသိနေရဆဲဖြစ်ပါတယ်။ နိုင်ငံရေးမှာ ပါဝင်လှုပ်ရှားသူတွေ၊ နိုင်ငံရေးသမားတွေကို အသာထားပြီး၊ သာမန်ပြည်သူတွေကို မေးကြည့်လိုက်တိုင်း မကျေနပ်မှုတွေ၊ မပြေလည်မှုတွေ၊ အပြောင်းအလဲကို ကြိုဆိုမျှော်လင့်သံတွေကိုပဲ ကြားနေရတာပါ။ စစ်အစိုးရကတော့ အခြေအနေတွေ ပုံမှန် ဖြစ်နေပြီလို့ ဆိုနေပါတယ်။ ဒါဖြင့်ဘာကြောင့် ဖမ်းဆီးမှုတွေ ဆက်လက်လုပ်နေရပါသလဲ။ လူဖမ်းပွဲကြီးတွေ ဖြစ်နေရတာဟာ ပုံမှန်အခြေအနေမဟုတ်ဘူးဆိုတာ ပြသနေခြင်းပါပဲ။ တခါ သေဆုံးခဲ့ရတဲ့ သံဃာတော်တွေ၊ လူတွေအတွက် ဝတ်ပြုဆုတောင်းကြတယ်။ ဘုရားပေါ်မှာ လူစုလူဝေးနဲ့ လုပ်ခွင့်မရရင် အိမ်မှာ လုပ်ကြတယ်။ ပြီးတော့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့တို့၊စွမ်းအားရှင်တို့ ဆိုတာတွေကို ရှောင်ကြဉ်ဖို့ကြိုးစားတဲ့ လှုပ်ရှားမှုတွေရှိကြတယ်။ အခွင့်ရရင်ရသလို ပိုစတာတွေကပ်တယ်။ ပန်းတွေကြဲတယ် ဆိုတာတွေဟာ လှုပ်ရှားမှုတွေကို ဆက်လက်လှုပ်ရှားနေဆဲဆိုတာကို ပြသနေတာပါပဲ။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ တကယ့် လက်ရှိအခြေအနေကို ကြည့်မယ်ဆိုရင် ဖိနှိပ်ခံနေရတဲ့ အခြေအနေတွေမဟုတ်ပါဘူး။ ခုခံတွန်းလှန်နေတယ်ဆိုတဲ့ အချက်သာဖြစ်တယ်လို့ နယူးယောက် တက္ကသိုလ် နိုင်ငံရေးသိပ္ပံတွဲဖက်ပါမောက္ခ ဒေါက်တာ စင်သီယာဘိုအက်စ်က ဆိုပါတယ်။ သူဆောင်းပါး ခေါင်းစဉ်ကလည်း Burma: Resistance,Not Repression, Is the Real Story ဖိနှိပ်ခြင်းဟာ တကယ့်အစစ်အမှန် Storyမဟုတ်ဘူး။ Resistance တွန်းလှန်နေခြင်းသာ Storyဖြစ်တယ်ဆိုပြီးတော့ သူ့ဆောင်းပါးထဲမှာ ဖော်ပြထားပါတယ်။ သူက နိုင်ငံတကာအခြေအနေနဲ့ နှိုင်းယှဉ်ပြီးတော့ ဘယ်လိုရေးသလဲဆိုရင် လွတ်လပ်မှု အခွင့်အရေးတွေအတွက် ရုံးကန်ကြရတဲ့လှုပ်ရှားမှုတွေထဲမှာ ဆက်လက်ရပ်တည်ရေးအတွက် အခြေအနေနဲ့လိုက်ရောရတဲ့ နည်းဗျူဟာတွေကို ပြောင်းလဲလုပ်ကြရပါတယ်။

အဖိအနှိပ်ခံတွေဘက်က ဆက်လက်လှုပ်ရှားနေဆဲဆိုတာကို ဖိနှိပ်သူတွေ သိအောင် ဖန်တီးမှုအသစ်တွေနဲ့ ပြသကြရပါတယ်။ တချိန်တည်းမှာပဲ အနစ်နာခံမှုတွေကို ကြုံတွေ့နေရတဲ့ ပြည်သူတွေကိုလည်းပဲ အစဉ်သတိပေးတဲ့ သဘောဖြစ်ပါတယ်ဆိုပြီး ဖော်ပြပါတယ်။ သူက ချီလီတို့ တောင်အာဖရိကတို့ အတွေ့အကြုံနဲ့နှိုင်းယှဉ်ပြီးတော့ ဖော်ပြတာဖြစ်ပါတယ်။

အဖိနှိပ်ခံပြည်သူတွေဖက်က ဘက်ပေါင်းစုံ မုန်တိုင်းတိုက်ခတ်ဆက်လက်လှုပ်ရှားနေတာတွေအပြင်၊ ဒီထက်အပေါ်လွှင် အထင်ရှားဆုံးနောက်တဖက်ကတော့ နိုင်ငံတကာဖက်က တိုက်ခက်နေကြတယ်ဆိုရမှာပါပဲ။ အမေရိကန်ပြည်ထောင်စုတို့၊ ဗြိတိန်တို့လို အနောက်အုပ်စုကနိုင်ငံတွေပိုပြီး ဖိဖိစီးစီးလုပ်လာတာကို အသာထားလိုက်ပါ။ ဒီအချိန်မျိုးမှာ ကုလသမဂ္ဂကလည်း တတပ်တအား ပါဝင်နေပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံအစိုးရကိုအရေးယူဖို့ ဆုံးဖြတ်ချက် မချနိုင်တဲ့အခြေအနေရှိနေတယ် ဆိုပါအုံးတော့ သို့သော်လည်းပဲ အတော်လေးနက်မှုရှိတဲ့ ဥက္ကဌရဲ့ ကြေညာချက်ဆိုတာ ရှိနေပါတယ်။ မြန်မာနိုင်ငံစစ်အစိုးရကိုတောင်းဆိုမှုတွေအများကြီးပြုလုပ်လာနေပါတယ်။ အာစီယံကလည်း လေသံပိုပြင်းလာပါတယ်။ စင်္ကာပူတို့၊ ထိုင်းတို့မှာဆိုရင် အစိုးရဘက်က ပြင်းပြင်းထန်ထန် ဝေဖန်လာသလို အင်ဒိုနီးရှားနိုင်ငံမှာဆိုရင် မြန်မာသံအမတ်ကိုလက်မခံဖို့တောင် အတိုက်အခံတွေက လှုပ်ရှားလာတဲ့ အထိပါပဲ။

ဒီနေရာမှာ အရေးအကြီးဆုံးက တရုတ်နိုင်ငံပါပဲ။ တရုတ်က လူသိရှင်ကြားသာ အရေးမယူ၊ မရှုတ်ချပေမယ့် ကွယ်ရာမှာတော့ တတောင်နဲ့ တွတ်နေမှာက အသေအချာပါပဲ။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာသာ ကမ္ဘာက ဝိုင်းပယ်ခံထားရတဲ့ နိုင်ငံတွေအရှေ့မှာတော့ တရုတ်အနေနဲ့ အပယ်ခံနိုင်ငံတွေကို ကယ်တင်ရှင်အဖြစ်နဲ့ တွေ့နေရမှာပါပဲ။ ဒါပေမယ့် တချိန်တည်းမှာပဲ ဒီလိုအပယ်ခံနိုင်ငံတွေအတွက် သူပါ ချောက်ထဲကျရမယ့် အခြေအနေမျိုးမဖြစ်အောင် တရုတ်က ဆောင်ရွက်နေရပါပြီ။ အခုစစ်အစိုးရဘက်က စေတနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေဆွေးနွေးဖို့ ပြင်ဆင်လာတယ်ဆိုတဲ့သဘောဟာ တရုတ်ရဲ့ ပရောဂမကင်းဘူးလို့ သုံးသပ်နေသူတိုင်းက ယုံကြည်နေကြတယ် ဖြစ်ပါတယ်။

ဒီလိုဘက်ပေါင်းစုံလှုပ်ရှားမှုတွေအားလုံးအပြင် တခါမှ မကြားဘူးတဲ့ စစ်အာဏာပိုင်တွေဘက်က လှုပ်ရှားလာမှုကို တွေ့ရခြင်းပါပဲ။ တခါမှ မပြောခဲ့ဘူးတဲ့စကား အခု ဒေါ်အောင်ဆန်းစုကြည်နဲ့ သူကိုယ်တိုင်တွေ့မယ်။ သတ်မှတ်ချက်တွေလုပ်ထားတယ်ဆိုပေမယ့် တွေ့မယ်ဆိုတာကို သူတို့ ပြောလာတယ်။ နောက်ပြီး ဆက်ဆံရေးဝန်ကြီးဆိုတာကို သူတို့ ခန့်လာတယ်ဆိုတဲ့ကိစ္စတွေဟာ မြန်မာအာဏာပိုင်တွေဘက်က သိသိသာသာ ရွေ့လျားလာခြင်း ဖြစ်ပါတယ်။ နောက်ဆုံး နိုင်ငံတကာဖိအားကြောင့် တုန့်ပြန်ပြောကြားလာရခြင်းဖြစ်ပါတယ်။ ဒီအဆင့်ဟာ ယခင်က မရောက်ခဲ့ဘူးတဲ့ အဆင့်လို့ ပြောရပါလိမ့်မယ်။

အားလုံးကို ခြုံပြောရမယ် ဆိုရင်တော့ မြန်မာနိုင်ငံရေးမုန်တိုင်းဟာ သုံးဘက်သုံးတန်က ရွေ့လျားလှုပ်ရှားနေဆဲဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေးအခြေအနေဟာ ငြိမ်သက်မနေပါဘူး။ ယုတ်စွအဆုံး လမ်းဆုံးရင် ရွာတွေ့ရမယ်လို့ယုံကြည်စရာဖြစ်နေပါတယ်ဆိုရင် ဒီတခါတော့ အကောင်းမြင်တတ်ရန်ကောလို့ ဆိုစရာမရှိဘူး ထင်ပါတယ်။ ■

---

## ဆန္ဒပြရာတွင်ပါဝင်သူတဦး စစ်ကြောရေးစခန်းတွင် သေဆုံး

*ခေတ်ပြိုင်၊ ၁၀ အောက်တိုဘာလ၊ ၂၀၀၇*

ပြီးခဲ့သည့်စက်တင်ဘာလတွင် ကျောက်ပန်းတောင်းမြို့၌ သံဃာတော်များ မြို့တွင်းမေတ္တာပို့ ဆုတောင်းလှည့်လည်ရာတွင် ပါဝင်ခဲ့သဖြင့် အဖမ်းဆီးခံရသူ ကိုဝင်းရွှေ သေဆုံးသွားကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ၎င်းမိသားစုထံ အကြောင်းကြားခဲ့သည်ဟု သိရသည်။

''သူ့ကို ပုလိပ်မြို့က ရဲတပ်ရင်း (၁၃)မှာ ထားတယ်လို့ကြားတယ်။ သူ့အမဆီကို သူတို့ရပ်ကွက်လူကြီးရယ် အစိုးရဘက်က သတင်းပို့တဲ့လူရယ် ရောက်လာပြီး သူဆုံးသွားပြီးလို့ပြောတာပါ။ အလောင်းကိုတော့ သူတို့ သင်္ဂြိုဟ်ပြီးပြီလို့ သိရတယ်''ဟု ကိုဝင်းရွှေနှင့်ရင်းနှီးသူ ကျောက်ပန်းတောင်းမြို့ခံတဦးကပြောသည်။

ကျောင်းပန်းတောင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်တွင် နေထိုင်သူ ကိုဝင်းရွှေသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တဦးဖြစ်ပြီး ကိုဝင်းရွှေသေဆုံးကြောင်းကို အာဏာပိုင်များက ၎င်း၏ မိသားစုထံ ယမန်နေ့က အကြောင်းကြားခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)က သတင်းထုတ်ပြန်ထားသည်။

''သူ့မှာ ကျနော်တို့နဲ့ နေခဲ့စဉ်တုန်းက နှလုံးရောဂါ၊ အစာအိမ်ရောဂါရှိတယ်။ သူကကျောက်ပန်းတောင်း သံဃာတွေ ဆန္ဒပြပွဲမှာ တက်ကြွစွာပါဝင်ပူးပေါင်းခဲ့တာပါ။ စက်တင်ဘာ (၂၄၊ ၂၅၊ ၂၆)ရက်တွေမှာ ပါဝင်ခဲ့ပြီး (၂၆)ညဖက်မှာ ခြောက်ယောက်အုပ်စု အဖမ်းခံရတဲ့အထဲမှာ သူလည်း ပါသွားတာပါ''ဟု ကိုဝင်းရွှေ၏ မိတ်ဆွေက ပြောသည်။

၎င်းက ပြီးခဲ့တဲ့ နှစ်ရက်လောက်ကလည်း ကျောက်ပန်းတောင်းမှာ ပြေးရင်းလွှားရင်း ပုန်းအောင်းရင်းနဲ့ပဲ ဆန္ဒပြရာမှာပါဝင်သူ (၂၅)ယောက်လောက် အဖမ်းဆီးခံရတယ်လို့ ကျနော်တို့ ကြားရတယ်။ ကျောင်းသားရော၊ ပြည်သူရော၊ စနိုးဝါတာဝေသူတွေရော၊ ရေကမ်းသူတွေရော အကုန်လုံးပါတယ်ခင်ဗျ။ အဖေမမိလို့ သားဖမ်းသွားရတာတွေလည်း ရှိတယ်ခင်ဗျ။ ဟု ပြောသည်။

ပြီးခဲ့သည့် ဩဂုတ်လမှစတင်၍ သံဃာတော်များနှင့် လူထုတို့ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သည့် လူထုလှုပ်ရှားမှုတွင်ပါဝင်သူများကို စစ်အစိုးရ အာဏာပိုင်များက အကြမ်းဖက် ပစ်ခတ် ရိုက်နှက်ဖမ်းဆီးမှုများ ရှိခဲ့ပြီး၊ သေဆုံးသူများရှိခဲ့ကြောင်း သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။ ■

---

## အမ်အေအိုင် ခရီးစဉ်များ အရေးပေါ်ဖျက်သိမ်း

*မဇ္ဈိမ ၁၀ အောက်တိုဘာလ၊ ၂၀၀၇*

နိုင်ငံပိုင်မြန်မာ အဲယားဝေးအင်တာနေရှင်နယ် (အမ်အေအိုင်) ခရီးစဉ်များဖျက်သိမ်းပြီး၊ လေယာဉ်စီးမည့် ခရီးသည်များကို ကြာသာမတေးနေ့မှစ၍ ထိုင်းလေကြောင်း လိုင်းများသို့ ပြောင်းလွှဲတင်ပေးရမည်ဖြစ်သည်။

မည်သည့်အကြောင်းကြောင့် အမ်အေအိုင်၏ ဘန်ကောက် – ရန်ကုန် ခရီးစဉ်များကို ဖျက်သိမ်းရသည်ကို ရှင်းရှင်းလင်းလင်းမသိရသေးသော်လည်း လေကြောင်းလိုင်းအရာရှိက ဟုတ်မှန်ကြောင်း ဝန်ခံပြောကြားသွားသည်။

''ဘာကြောင့်လဲဆိုတာတော့ သေချာတဲ့ သတင်းမရဘူး။ ကျနော့်မှာ ပြောလို့ရတဲ့အနေအထားလည်းမရှိဘူး။ ခရီးစဉ်ဖျက်သိမ်းရတယ်လို့ ပြောတော့ မြန်မာပြည်သွားတဲ့ ခရီးသည်တွေ အဆင်ပြေအောင် ချောမွေ့အောင် ကျနော်တို့ လုပ်ဆောင်ပေးနေရပါတယ်''ဟု အမ်အေအိုင်မှ ဝါရင့်အရာရှိတဦးက ပြောသည်။

အများပြည်သူသို့ ထုတ်ပြန်ကြေညာခြင်းမရှိသော ခရီးစဉ်ဖျက်သိမ်းမှုသည် မည်မျှကြာမြင့်မည်ကို လေကြောင်းလိုင်း အဆင့်မြင့် အရာရှိများပင် မသိနိုင်အောင် ဖြစ်နေသည်။

''နောက်ရက်တွေလည်း (ခရီးသည်များကို လေယာဉ်) ပြောင်းရဖို့ ရှိနေတယ်။ ဒါပေမယ့် ပြောဖို့ချက်နေတယ်'' ဟု သူကထပ်ပြောသည်။ ■



## [၈၈] ကျောင်းသားခေါင်းဆောင်နှစ်ဦး ထပ်မံ အဖမ်းခံရ

*မဇ္ဈိမ ၁၀ အောက်တိုဘာလ၊၂၀၀၇*

စစ်အစိုးရက အပူတပြင်း အလိုရှိနေသော ၈၈ ကျောင်းသား ခေါင်းဆောင် ကိုလှမျိုးနောင်နှင့် မသရဖီတို့ကို ယနေ့တွင် ဖမ်းမိသွားပြီးဟု ထိုင်း အခြေစိုက် အဖွဲ့အစည်းတခုက ပြောသည်။

ကိုလှမျိုးနောင်နှင့် မသရဖီတို့ကို စမ်းချောင်းမြို့နယ်တွင်း ရဲထောက် လှမ်းရေးများက ဖမ်းမိသွားခြင်း ဖြစ်သည်ဟု Asia- Pacific Peoples Partnership on Burma (APPPB) က ပြောသည်။

"ဒီနေ့ မွန်းလွဲမှာ၊ သူ့ (လှမျိုးနောင်) မျက်လုံးက တော်တော် အခြေအနေဆိုးတယ်လေ။ ခွဲရမယ်တောင်မှ ၅၀ ရာခိုင်းနှုန်းလောက်ပဲ မြင်နိုင် မယ့်အနေတထား ရှိနေတယ်။ မခွဲရင်တော့ လုံးဝမမြင်နိုင်တဲ့ အနေအထားမှာ ရှိနေတယ်ပေါ့နော်။ သူက ဆရာဝန်ကို တွေ့ဖို့ ထွက်ရတယ်ပေါ့၊ ထွက်တော့ သူတို့ကလည်း ပိုက်စိတ်တိုက်ရှာနေတာကိုး။ ဆေးခန်းအသွားမှာ အဖမ်းခံရ တယ်"ဟု APPPB မှ မခင်ဥမ္မာက ပြောသည်။ ■

## ဖမ်းဆီးခံနေရသည့် လွှတ်တော်ကိုယ်စားလှယ်များ နှင့်ပတ်သက်ပြီး ဘာသတင်းမှ စုံစမ်းလိုမရသဖြင့် မိသားစုဝင်များ အထူးစိုးရိမ်နေ

*ဒီဗွီဘီ၊ ၁၀ အောက်တိုဘာလ၊၂၀၀၇*

စက်တင်ဘာလအတွင်းဖမ်းဆီးခံထားရတဲ့ ပြည်သူ့လွှတ်တော် ကိုယ် စားလှယ်တွေရဲ့ အခြေအနေနဲ့ ပတ်သက်ပြီး ဘာသတင်းမှ စုံစမ်းလို့မရတဲ့ အတွက် မိသားစုဝင်တွေ အထူးစိုးရိမ်နေကြပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် ဗဟိုသတင်းနဲ့ပြန်ကြားရေးအဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းရဲ့ ကျန်းမာရေးအတွက် ဆေးဝါးပေးခွင့်ရဖို့ ရန်ကုန် (၈) မိုင်ကုန်းရှိ အက်စ်ဘီ ရုံးဌာနချုပ်ထံ တနင်္လာနေ့က သွားရောက်စုံစမ်းခဲ့ပေမဲ့ ဘာမှသိခွင့်မရခဲ့ရဘူးလို့ ဇနီးဖြစ်သူ ဒေါ်ဆွေဆွေသိန်းက အခုလို ပြောပြပါတယ်။

"အန်တီကိုယ်တိုင်ပဲ အက်စ်ဘီ ရုံးချုပ်မှာ သွားပြီးတော့လေ အဲဒီ အက်စ်ဘီက လာခေါ်တာပါဆိုတဲ့အတွက် အဲဒီမှာ ကျမခင်ပွန်းအတွက် ဆေးပေးချင်လို့ပါလို့နော် တွေ့ခွင့်မပြုလဲရတယ်။ ဆေးပေးဖို့သာစီစဉ် ပေးပါဆိုပြီးတော့သွားပြောတာ သူတို့က ဟုတ်ပြီ။ အဲဒီ အက်စ်ဘီက ဘယ်ဌာန ခွဲကလာခေါ်တာလဲတဲ့ ဘယ်ဌာနခွဲဆိုတာဝေးလို့ အက်စ်ဘီက ဆိုတာတောင်မှ စုံစမ်းပြီးတော့မှ အက်စ်ဘီက သေချာတယ်ဆိုလို့လာတာလို့ ဘယ်ဌာနခွဲဆိုတာ တော့ ရုံးက တာဝန်ပေးတဲ့လူတွေက ပိုသိမှာပါလို့ ပြောခဲ့တယ်။

"ဘာမှမသိခဲ့ရဘူးပေါ့နော်။ အဲဒီမှာ လာခေါ်တုန်းကလဲ ရယကနဲ့ ကိုယ့်ဆီက မြို့နယ်ရဲစခန်းကလူတွေရောပါတယ်ပေါ့နော်။ ကျမက ခင်ပွန်းကို ခေါ်သွားတာကို အဲဒီမှာ ဘယ်အဖွဲ့အစည်းက လာပြီး တော့ ဘယ်ကိုခေါ်သွားတာလဲဆိုတာတော့ သိခွင့်ပေးပါဆိုတော့ ကျနော် တို့က တာဝန်အရမို့လို့တဲ့ နာမည်ပဲ ပြောခဲ့တယ်။ ဦးစိန်မြင့်ဆိုတာ သူတို့က အဲဒီလူက ဘယ်ဌာနခွဲလဲပေါ့နော် ဌာနခွဲသိမှ သိလို့ရမယ်တွေ ပြောနေတော့ ဒါနဲ့အန်တီက ပြောခဲ့တယ်။ အန်တီက တခြား လူမဟုတ်ပါဘူးလို့ အန်အယ်လ်ဒီက ဦးမြင့်သိန်းရဲ့ ဇနီးပါပဲလို့ အဲတော့ ဦးမြင့်သိန်းကိုခေါ်တာ မြန်မာ့အသံကလဲ ထုတ်လွှင့်တယ်။ သတင်းစာ ထဲမှာလဲ ကြေညာထားတယ်ဆိုတော့ ဒီဌာနက တာဝန်ပေးတဲ့သူ ဘယ်ဌာန ကလူ ခေါ်သွားတယ်ဆိုတာတော့ ရုံးအနေနဲ့တော့ မသိပဲမရှိပါဘူးလို့ ပြောခဲ့တယ်လေ။" အဖွဲ့ချုပ်သတင်းနဲ့ ပြန်ကြားရေးအဖွဲ့ဝင် ဦးမြင့်သိန်းရဲ့ ဇနီး ဒေါ်ဆွေဆွေသိန်းပြောဆိုသွားတာဖြစ်ပါတယ်။

ဆေးဝါးပေးခွင့်မရတာကြောင့် ဦးမြင့်သိန်းရဲ့ ကျန်းမာရေး အတွက် အထူးစိုးရိမ်နေရတယ်လို့လဲ ဒေါ်ဆွေဆွေသိန်းက အခုလို ဆက် လက် ပြောပြပါတယ်။

"ဘာဆေးမှလဲ မပေးရဘူးပေါ့နော်။ ပိုဆိုးတာက အဲဒီမှာလဲ သူ ဆေးခန်းပြမဲ့ရက်က ကျော်သွားပြီပေါ့နော်။ သူတို့က ကြာသပတေး နေ့ (၂၇) လာခေါ်တော့ ပြရမှာက သတ်ဒ် အောက်တိုဘာဆိုတော့လေ အခုဟာလဲ ယာယီပေါ့နော် အနာနဲ့ဆေး သင့်နေတာမဟုတ်ဘူး။ ဟိုဒင်း စမ်းပြီးတော့ ပေးထားတုန်းပဲ ရှိသေးတာပေါ့ အဲလို ဖြစ်နေတာ။ အဲဒီ ဆေးလဲ နှစ်ပတ်ဆိုတော့ အချိန်တွေကျော်သွားပြီ။ အစာအိမ်လား၊ အ စာအိမ်အူလမ်းကြောင်းလားဆိုတာတော့ မသိဘူး။ အစားမစားနိုင်ပဲနဲ့ ဗိုက်တွေ အောင့်နေတာပေါ့နော်။" အဖမ်းခံနေရတဲ့ အဖွဲ့ချုပ် ဗဟိုသတင်းနဲ့ ပြန်ကြားရေးအဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းရဲ့အခြေအနေအကြောင်း ဇနီးသည် ဒေါ်ဆွေဆွေသိန်း ပြောပြခဲ့တာပါ။

ဦးမြင့်သိန်းရဲ့အခြေအနေသိဖို့ ရန်ကုန်ရှိ အိုင်စီအာရ်စီကို သွားရောက်တွေ့ဖို့ စီစဉ်နေတယ်လို့လဲ ဒေါ်ဆွေဆွေသိန်းက ပြောကြား သွားပါတယ်။ အလားတူ ဗိုမှူးအမျိုးသား ကွန်ဂရက် ဥက္ကဋ္ဌလဲဖြစ် လွှတ်တော်ကိုယ်စားလှယ်လဲဖြစ်သူ ပူကျင်ရှင်းထန်ကိုလဲ အာဏာပိုင်တွေ က စက်တင်ဘာ (၂၆) ရက် ညပိုင်းမှာ ဖမ်းဆီးသွားပြီး ဘယ်မှာ ထိန်း သိမ်းထားတယ်ဆိုတာ အခုအချိန်အထိ စုံစမ်းလို့ မရသေးဘူးလို့ မိသား စုဝင်တွေက ပြောပြပါတယ်။ အောင်သပြေ စစ်ကြောရေးစခန်းမှာ ရှိတယ်လို့ သိရတဲ့အတွက် အခုလ (၁) ရက်နေ့က သွားရောက်စုံစမ်းခဲ့ပုံ နဲ့ ပူကျင်ရှင်းထန်ရဲ့ ကျန်းမာရေးအခြေအနေကို သားဖြစ်သူ တန့်အင်း ဗျတ်ထန်က အခုလို ပြောပြပါတယ်။

"ကျနော်တို့ ထပ်ပြီးတော့ ဂိတ်မှာသွားမေးကြည့်တော့လဲ ဘေးကလူတွေက မရှိဘူးလို့ ပြောပါတယ်။ ဂိတ်မှာ စောင့်တဲ့လူက ဒီမှာ လဲ အထဲကိုကျနော်ဝင်ပြီးတော့ မေးကြည့်လို့ရမလားလို့ ပြောတော့လဲ ရုံးအထဲကို ဝင်ခွင့်မပေးဘူးတဲ့ ဂိတ်ကနေပဲ ပြန်လွှတ်ပေးတာ။ ဒါပေမဲ့ အိုင်စီအာရ်စီကိုလဲ အကြောင်းကြားထားတယ်။ အခုအချိန်အထိ တွေ့ မတွေ့ သတင်းမရသေးဘူးလို့ထင်တယ်။ ကျန်းမာရေးတော့ အဖေက တော့ နဂိုထဲက ချုချာတာ ဒါပြီးရင် အခုဟာ ဆေးလဲသောက်နေရတယ်။ သွေးကျရယ် သွေးတိုးရယ်ရှိတယ်။ ဆေးကသောက်နေရတယ်။ ဒါပြီးရင် အာစမာလဲ ရှိတယ်ပေါ့နော်။ ပန်းနာရင်ကျပ် ဒါလဲ ဆေးလဲသောက် နေရတယ်အမြဲ အခုပါသွားတဲ့ဆေးတွေကလဲ ကုန်လောက်ပြီထင်တယ်။ ပန်းနာရင်ကျပ်က ရတဲ့ဟာတော့ (၁၉၇၂) မှာ မန္တလေးထောင်မှာ ဖမ်းပြီးတော့ (၇၄) မှာ ပြန်လွှတ်တာ ဒီအတောအတွင်းက ပန်းနာ ရင်ကျပ်က ရှိပြီးသားဒဏ်က အခုတော့လဲတော်တော်လေးကို စိတ်ပူရ တယ်။ အဖေ့ကျန်းမာရေးအတွက် ဘယ်လိုဖြစ်မလဲ အထဲမှာ ဆေးဝါး လဲကုန်လောက်ပြီအခုအချိန်ကဘာမှ သတင်းလဲ မကြားဘူးဆိုတော့ အကျီလဲ များများမပါသွားဘူး။ သုံးလေးထည်လောက်ပဲ ပါသွားတာ။"

***ဓမ္မသည် အဓမ္မကို နိုင်မြဲ။ ***

***လူထုတိုက်ပွဲ အရှိန်အဟုန်မြှင့်တင်ကြ***

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ စီအာပီပီ အဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ် ပူကျင်ရှင်းထန်ရဲ့ အခြေအနေကို သားဖြစ်သူ တန့်အင်းဗျတ်ထန် ပြောပြခဲ့တာပါဖြစ်ပါတယ်။ နောက်ထပ် အဖမ်းခံနေရသူ စီအာပီပီ အဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ် တဦးကတော့ ဦးထောင်ခိုထန်း ဖြစ်ပါတယ်။

"သမီးတို့ကတော့ အရမ်းစိုးရိမ်တာပေါ့နော်။ အဖေ့ကို အဖေက ကျန်းမာရေးက သွေးတိုးကလဲရှိတယ်။ ပြီးတော့ အကြောကလဲ ညပ်ထားတာလေ။ ခွဲစိတ်ထားတာဆိုတော့ အဲဒါကြောင့် သူ့ကို အရမ်းစိုးရိမ်နေကြတာပေါ့နော်။ အိမ်ကပဟာတွေက ခွဲစိပ်ထားတာ ခါးမှာဖြစ်တာပေါ့။ အဲဒါက ရောဂါပေါ့နော် တခါတလေ အေးပြီဆိုလို့ရှိရင် အဖေကသိပ်မခံနိုင်ဘူးလေ။ အဲဒါကြောင့်မို့ သမီးတို့ အရမ်းစိုးရိမ်နေကြတာပေါ့။ ဆေးဝါးကတော့ ပါမသွားဘူးရှင့် သူတို့ကတော့ ပြောသွားတာတော့ (၂) ရက် (၃) ရက် ဆိုပြီး တော့ပဲ ပြောသွားတာ။"

အဖမ်းခံနေရတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးထောင်ခိုထန်းရဲ့ သမီးငယ် ပြောပြသွားတာဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုရဲ့ ပြောပြချက်အရ စက်တင်ဘာဆန္ဒပြပွဲကာလအတွင်း စုစုပေါင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦး ဖမ်းဆီးခံထားရတယ်လို့ သိရပါတယ်။■

## ဒီမိုကရေစီလှုပ်ရှားသူ အလောင်းများ ပျောက်ဖျက်ခံနေရ

*ရေဝတီ ၊ ၉ အောက်တိုဘာလ၊၂၀၀၇*

စစ်အစိုးရအာဏာပိုင်များက ဖမ်းဆီးစစ်ဆေးနေစဉ် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) အဖွဲ့ဝင်တဦး သေဆုံးသွားကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်တွင် နေထိုင်သူ အန်အယ်လ်ဒီအဖွဲ့ဝင် ကိုဝင်းရွှေ (၄၂)နှစ်သည် စစ်ကြောရင်း လက်လွန်သေဆုံးသွားခဲ့ကြောင်း မိသားစုကို ယမန်နေ့က အကြောင်းကြားခဲ့သည်ဟု ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)က ယနေ့ထုတ်ပြန်သည်။

ကိုဝင်းရွှေ၏ ကွင်းကျန်ရစ်သော ရုပ်ကလာပ်အား မိသားစု ကြည့်ခွင့်မရဘဲ မီးသင်္ဂြိုလ်လိုက်ပြီဖြစ်ကြောင်းကိုသာ အာဏာပိုင်များက အကြောင်းကြားခြင်းဖြစ်သည်ဟုလည်း ထုတ်ပြန်ချက်တွင်ပါရှိသည်။

သေဆုံးသူ ကိုဝင်းရွှေသည် သံဃာတော်များ မေတ္တာပို့ ရွတ်ဆိုဆန္ဒပြရာတွင် ပါဝင်အားပေးသည့်အတွက် စက်တင်ဘာလ ၂၆ရက်နေ့ ညတွင် အာဏာပိုင်များက ၎င်း၏ လုပ်ဖော်ကိုင်ဖက် ၅ ဦးနှင့် အတူဖမ်းဆီးခဲ့ပြီး မန္တလေးမြို့အနီးရှိ ပလိပ်ရဲတပ်ရင်း၌ ထိန်းသိမ်းစစ်ကြောခဲ့ရာ လွန်ခဲ့သော ၃ ရက်ခန့်က စစ်ကြောရင်း လက်လွန်သေဆုံးသွားခဲ့ခြင်းဖြစ်သည်ဟု အေအေပီပီက ဖော်ပြထားသည်။

"စစ်ကြောရေး စခန်းတွေမှာ စစ်ဆေးရင်း သေဆုံးသွားတဲ့သူတွေရဲ့ အလောင်းတွေကို ဖျောက်ဖျက်ပစ်တာတွေ အများကြီးရှိတယ်လို့ သိရပါယ်။ ဒါတွေဟာ အင်မတန်ဆိုးရွားရက်စက်လွန်းတဲ့ ကျူးလွန်မှုတွေပါပဲ "ဟု အေအေပီပီ အတွင်းရေးမှူး ဦးတိတ်နိုင်က ပြောသည်။

လွန်ခဲ့သော ဩဂုတ်လ ၁၉ ရက်နေ့က စတင်သည့် ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို စစ်အစိုးရက အကြမ်းဖက် ရိုက်နှက်ဖမ်းဆီး၍ သေနတ်ဖြင့် ပစ်ခတ်နှိမ်နင်းပြီး သေဆုံးခဲ့သည့် ရုပ်အလောင်းများကို လျှို့ဝှက်မီးရှို့ဖျက်ဆီးခြင်း၊ မြစ်ထဲသို့ ရေမျှောပစ်ခြင်းများ ရှိသည်ဟုလည်း ၎င်းက ပြောဆိုသည်။

ရက်အနည်းငယ်အတွင်းက ပုဇွန်တောင်ချောင်းအတွင်း တွေ့ရှိခဲ့ရသည့် သံဃာတော်တပါး၏ရုပ်ကလာပ် အပါအဝင် ပုံလွှန်တော်မူခဲ့ရသော သံဃာတော်များစာရင်း၊ အရပ်သားသေဆုံးသူများနှင့် ပျောက်ဆုံးသူများ စာရင်းကို ဆက်လက်ပြုစုနေသည်ဟုလည်း အေအေပီပီက ဆိုသည်။

ဦးတိတ်နိုင်က ဆက်လက်ပြီး "ဒီစစ်အစိုးရဟာ လူ့အခွင့်အရေးကို ပြောင်ပြောင်တင်းတင်း ဆိုးဆိုးရွားရွားကို ကျူးလွန်ချိုးဖောက်နေတာပါပဲ"ဟု ပြောသည်။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် သတ္တဗေဒဘာသာ အဓိက ကျောင်းသူ ၂ ဦးသည်လည်း အာဏာပိုင်များက ကျိုက္ကဆံစစ်ကြောရေး စခန်းတွင် ဦးခေါင်းပေါ် ရေဖြင့်လောင်း စစ်ဆေးရာမှ သေဆုံးခဲ့ရသည်ဟု ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ် (ဗကသ)က ကိုကျော်ကိုကိုက ၎င်းဖမ်းဆီးမခံရမီ ယမန်နေ့က ရေဝတီသို့ ပြောဆိုခဲ့သည်။

အဆိုပါကျောင်းသူ ၂ ဦးသည် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ငြိမ်းချမ်းစွာ ဆန္ဒပြချီတက်ရာမှ သံဃာတော်တချို့နှင့်အတူ ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်ဟု သိရသည်။ ■

## စစ်ထရပ်ကား (၂) စီးအပြည့် သံဃာတော်များနဲ့ ကျောင်းသားများကို သရက်ထောင်ပို့

*ဒီဗွီဘီ၊ ၁၀ အောက်တိုဘာလ၊၂၀၀၇*

မြန်မာစစ်အစိုးရက ဖမ်းဆီးထားတဲ့သံဃာတော်တွေကို ထိန်းသိမ်းရေး စခန်းတွေကနေ အကျဉ်းထောင်များကိုပို့နေပြီး အခုလဆန်း (၅) ရက်မှာလည်း ရဟန်းတော်များနဲ့ ကျောင်းသားများကို စစ်ထရပ်ကား (၂) စီးအပြည့်တင်ပြီး သရက်ထောင်ကို ပို့လိုက်ပါတယ်။ နယ်အသီးသီးကနေ ဖမ်းဆီးလာတဲ့ သံဃာတော်များနဲ့ ကျောင်းသားများကို အစောင့်အကြပ်အပြည့် ခြံရံပြီး တင်ဆောင်လာတဲ့ စစ်ထရပ်ကားများ (၅) ရက်နေ့ ညသန်းခေါင်ခန့်မှာ သရက်ထောင် ကို ဦးတည်မောင်းသွားတာတွေ့လိုက်ရတယ်လို့ မျက်မြင်များ က ပြောပါတယ်။ စစ်ထရပ်ကားထဲမှာ ခေါင်းတုံးနဲ့သူတွေက ပိုများနေတာ တွေ့ရလို့ သရက်ထောင်ထဲ ရောက်ရှိ သွားသူအများစုဟာ သံဃာတော်များ ဖြစ်ရမယ်လို့ သရက်မြို့ခံတဦးက ပြောပါတယ်။

နအဖစစ်အစိုးရက ဖမ်းရဆီးရတာတွေများလွန်းလို့ ကျိုက္ကဆံမြင်းပြိုင်ကွင်းစခန်း၊ အင်းစိန် ဂျိတီအိုင်နဲ့ ဘီပီအိုင်ဝင်းတွေထဲမှာ လူမဆန့်တော့ကြောင့် ဖမ်းထားတဲ့ သံဃာတော်များနဲ့ ကျောင်းသားများကို အကျဉ်းထောင်အသီးသီးကို အသုတ်လိုက်ခွဲပြီး ပို့နေတယ်လို့လည်း အကျဉ်းဦးစီးဌာနက ဝန်ထမ်းတချို့က ပြောပါတယ်။ စစ်အစိုးရဟာ သံဃာတော်တွေကို ရိုက်နှက်စော်ကားပြီး မတောင်းပန်တဲ့အပြင် ထပ်မံဖမ်းဆီး ထောင်ချနေတာတွေကို ဆက်လက်ကျူးလွန်နေတာကြောင့် ကမ္ဘာ့ဗုဒ္ဓဘာသာဝင်များက ပိုမိုဆန့်ကျင်ရှုတ်ချ လာနိုင်တယ်လို့ လေ့လာသူများက သုံးသပ်ပါတယ်။ ■

Do (or) Die

ဒီအတိုင်း အရှုံးပေးပြီး အသေခံမလား

ရဲရဲစွာနဲ့ နိုင်အောင်

## မြန်မာ့အရေး နိုင်ငံတကာဆောင်ရွက်ချက် အချိန် နှောင်းခဲ့တယ်လို့ သမ္မတဟောင်း ဂျင်မီကာတာ ပြောဆို

*ဗွီအိုအေ၊ ၁၀ အောက်တိုဘာလ၊၂၀၀၇*

ကုလသမဂ္ဂနဲ့ အမေရိကန်ပြည်ထောင်စုကနေ အခုလတ်တလော မြန်မာနိုင်ငံစစ်အစိုးရအပေါ် အရေးယူဖို့ အာရုံထားလုပ်ဆောင်နေတာတွေ ဟာ တော်တော်လေး နှောင့်နှေးနေတယ်လို့ ပြောလို့ရပေမဲ့ ကြိုဆိုရမယ် ကိစ္စဖြစ်ပါတယ်လို့ အမေရိကန်သမ္မတဟောင်း ဂျင်မီ ကာတာ (Jimmy Carter) ကပြောပါတယ်။ ဗွီအိုအေ နဲ့ သီးသန့် တွေ့ဆုံမေးမြန်းခန်း တခုမှာ ပြောကြားခဲ့တဲ့မြန်မာ့အရေးနဲ့ ပတ်သက်ပြီးတော့ သမ္မတကာတာရဲ့ သဘော ထားကိုဦးသန်းလွင်ထွန်း က တင်ပြထားပါတယ်။

Carter Center လို့ခေါ်တဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ရောဂါဆိုးများ တိုက်ဖျက်ရေး၊ ဆင်းရဲမွဲတေမှုများပပျောက်ရေး စတဲ့ ကမ္ဘာ့လူသားအရေး ပေါင်းစုံကို ကူညီဆောင်ရွက်ပေးနေတဲ့ အဖွဲ့အစည်းကြီး ဖွဲ့စည်းခဲ့တဲ့ ၂၅ နှစ် မြောက်အပြင် ဒီအဖွဲ့အစည်းကြီးကို ဦးစီးထူထောင်ခဲ့သူ အမေရိကန် သမ္မတ ဟောင်း ဂျင်မီကာတာက ရေးသားထုတ်ဝေလိုက်တဲ့ Beyond the White House: Waging Peace, Fighting Disease, Building Hope အိမ်ဖြူတော်နောက်ပိုင်း သူ့ရဲ့ လုပ်ဆောင်ချက်များ အကြောင်းစာအုပ်နဲ့ ပတ် သက်လို့ ဗွီအိုအေ သတင်းထောက် ကိန်းဖာရာဗာ (Kane Farabaugh) ကသမ္မတဟောင်း ဂျင်မီကာတာကို တွေ့ဆုံမေးမြန်းခဲ့တာပါ။ သူက ဆူဒန် ဒါဖောဒေသအရေး ကမ္ဘာ့ရောဂါကပ်ဆိုးကြီးများ တိုက်ဖျက်ရေးစတာတွေ ကနေ မြန်မာ့အရေး၊ မြောက်ကိုရီးယား ချူကလီးယားကိစ္စ အဆုံး တော်တော် များများကို ပြောကြားသွားခဲ့ပါတယ်။

"ကုလသမဂ္ဂနဲ့ အမေရိကန်ပြည်ထောင်စုတို့ရဲ့ လတ်တလော မြန်မာ့အရေး ဆောင်ရွက်ချက်တွေဟာ နှောင့်နှေးနေတယ်လို့ ပြောလို့ ရပေမယ့် ကြိုဆိုရမှာဖြစ်ကြောင်း သမ္မတ ကာတာက ဆိုပါတယ်။ Carter Center အနေနဲ့ဆိုရင် မြန်မာနိုင်ငံမှာ စစ်အစိုးရတက်ပြီးနောက်ပိုင်း ဖြစ်နေ တာတွေကို အစောပိုင်းကတည်းက အတော်လေးကို အာရုံထားပြီး ပြောဆို ဝေဖန်မှုတွေ လုပ်ခဲ့တာကြောင့် မြန်မာစစ်အစိုးရဘက်ကတောင် ကိုယ်စား လှယ် ငါးဦး စေလွှတ်ပြီး လေပြေထိုးခဲ့ရသေးတယ်လို့ သူကဆိုပါတယ်။"

မြန်မာနိုင်ငံမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ဆူပူသောင်းကြမ်းမှုတွေ ရှိနေခဲ့ပုံ၊ ဒီအရေးတွေကို ဖြေရှင်းပြီး စစ်အစိုးရ အနေ နဲ့ ပြည်တွင်းမှာ ဥပဒေစိုးမိုးရေးနဲ့ ငြိမ်းချမ်းရေး တည်ဆောက်နေပုံ စတာတွေ ကို စစ်အစိုးရ ကိုယ်စားလှယ်တွေက ရှင်းပြတဲ့အပြင် ဒေါ်အောင်ဆန်းစုကြည် ကို ထိန်းသိမ်းထားခဲ့တာဟာလည်း နေအိမ်အကျယ် ချုပ်မျှသာဖြစ်ပြီး နောက် ပိုင်း ပူးပေါင်းဆောင်ရွက်မှုတွေ ရှိလာပါလိမ့်မယ်လို့လည်း ဂတိပြုခဲ့ကြောင်း၊ ဒါတွေဟာ Carter Center ရဲ့ အပြစ်တင်မှုတွေကို လျော့ပါးသွားအောင် ကြိုးပမ်းမှုတွေသာဖြစ်ခဲ့ပြီး စစ်အစိုးရအနေနဲ့ ဂတိမတည်ခဲ့တာကိုတွေ့ရ ကြောင်း သမ္မတ ကာတာက ဆိုပါတယ်။ လောလောဆယ်မှာတော့ နိုင်ငံ တကာအနေနဲ့ မြန်မာစစ်အစိုးရကို ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရကို လက်ခံ လာစေရေး ထိထိရောက်ရောက် ဖိအားပေးနိုင်ဖို့ပဲ မျှော်လင့်ရမှာဖြစ်ကြောင်း ကိုလည်း သူကဆိုပါတယ်။

ဒီလိုဖိအား ပေးနိုင်ဖို့ဆိုတဲ့အရေးမှာလည်း တချိန်က မြန်မာနိုင်ငံ ကို အာဆီယံ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ဝင်အဖြစ် လက်ခံခဲ့မိတာဟာ ဆုတ်ယုတ်မှုတရပ်ဖြစ်ခဲ့တယ်လို့ သူကထောက်ပြခဲ့သလို လက်ရှိအခြေအနေ မှာလည်း အိမ်နီးချင်း အိန္ဒိယနဲ့တရုတ်နိုင်ငံတွေက စစ်အစိုးရကို အကာ အကွယ်ပေးနေတာဟာ ပြဿနာကြီးတရပ်ဖြစ်တယ်လို့ သူက ဆိုပါတယ်။ "ကမ္ဘာ့နိုင်ငံတွေအနေနဲ့ အိန္ဒိယနဲ့တရုတ်နိုင်ငံတွေရဲ့သဘောထားအပေါ် သိမ်သိမ်မွေ့မွေ့နဲ့ထိထိရောက်ရောက် အပြစ်တင်ပြောကြားသွားနိုင်မှပဲ နောက်ပိုင်း မြန်မာနိုင်ငံဟာ အပြောင်းအလဲတွေဖြစ်လာနိုင်ဖို့ မြင်ပါကြောင်း၊" အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာက ဗွီအိုအေနဲ့ တွေ့ဆုံမေးမြန်းခန်း မှာ ပြောကြားသွားခဲ့ပါတယ်။ ■

## မိခင်ဖြစ်သူ အဖမ်းဆီးခံနေရပြီး၊ အဖေဖြစ်သူ ကဗျာဆရာငြိမ်းသစ် တိမ်းရှောင်နေရတဲ့အတွက် သားသမီးများအတွက် စောင့်ရှောက်သူမဲ့နေရ

*ဒီဗွီဘီ၊ ၁၀ အောက်တိုဘာလ၊၂၀၀၇*

မန္တလေးတိုင်း အမရပူရမြို့က ကဗျာဆရာငြိမ်းသစ်ကို အာဏာ ပိုင်တွေက လိုက်လံဖမ်းဆီးနေတဲ့အတွက် ထွက်ပြေးတိမ်းရှောင်နေရသလို ဇနီးဖြစ်သူ ဒေါ်ခင်မာလာကို အာဏာပိုင်တွေက ဖမ်းဆီးထိန်းသိမ်းထားတဲ့ အတွက် သူတို့ရဲ့သားသမီးတွေ စောင့်ရှောက်မဲ့သူမရှိ ဒုက္ခရောက်နေရတယ် လို့ သိရပါတယ်။ ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့တဲ့အတွက် အာဏာပိုင်တွေက လိုက်လံ ဖမ်းဆီးနေတာကြောင့် မန္တလေးတိုင်း အမရပူရမြို့နယ်က ကဗျာဆရာ ငြိမ်းသစ်ဟာ နေအိမ်ကိုစွန့်ခွာပြီး ရှောင်တိမ်းပုန်းအောင်းနေရသလို ဇနီးဖြစ်သူ ဒေါ်ခင်မာလာကိုလဲ အာဏာပိုင်တွေက ဖမ်းဆီးထားခဲ့ပါတယ်။ အဲဒီအတွက် ဆရာငြိမ်းသစ်ရဲ့ ကလေးငယ်တွေဟာ မိဘမဲ့နေပြီး စားဝတ်နေရေးကအစ အခက်တွေ့နေရပုံကိုတော့ ဆရာငြိမ်းသစ်ရဲ့ သမီးဖြစ်သူ မမေရီငြိမ်းချမ်းက အခုလို ပြောပြပါတယ်။

"ဝမ်းလဲဝမ်းနည်းရတယ်။ ကြေလဲကြေကွဲရတယ်ပေါ့နော်။ စားဝတ်နေရေးလဲ ကြပ်တည်းတာပေါ့။ အရင်ကထက်စာရင် ချွေချွေတာတာနဲ့ စစ်စစ်စီစီ သုံးနေရတာပေါ့နော်။ မုန့်ဆိုလဲ မုန့်ကို ချွေတာပြီးစားရတယ်။ ကလေးတွေဆိုလဲ မုန့်ဘိုးမပေးနိုင်တာပေါ့။ အဲဒါတွေပဲ။ အိမ်ကသာယာမှု တော့ မရှိတော့ပါဘူး။ အိမ်မှာစိုပြေမှုဆိုတာလဲ မရှိတော့ပါဘူးရှင်။"

"အခုလိုမျိုး ကလေးတွေ မိဘမဲ့နေပြီး စားဝတ်နေရေးအခက်အခဲ တွေ့နေတာတွေကို မြင်တွေ့နေရတဲ့အတွက် အတော်လေး စိတ်မကောင်း ဖြစ်မိကြောင်းကိုလဲ ဆရာငြိမ်းသစ်ရဲ့ ညီမတော်စပ်သူတဦးက စိတ်မကောင်း တာကလွဲလို့ ဘာမှမတတ်နိုင်ဘူးပေါ့။ ကလေးတွေလဲ ဒုက္ခရောက်တာပေါ့ နော်။ ကလေးတွေပဲကိုယ်တတ်နိုင်သလောက် စောင့်ရှောက်ရတာပေါ့။ ကလေးတယောက်ကတော့ ဆယ်တန်းကလေးတယောက်ကတော့ ကျမ တူလေးတယောက်ကတော့ ခေါ်ထားတာပေါ့လေ။ လေးယောက်ရှိတာလေ။ သုံးယောက်က ဟိုမှာ သူတို့နေတဲ့အိမ်မှာပဲပေါ့။ ကလေးတွေ ဒုက္ခရောက် တာပေါ့။ မအေလဲမရှိ၊ ဖအေလဲမရှိ အရင်တုန်းက ဖြစ်တယ်ဆိုတာက မအေ ရှိသေးတယ်လေ။ အခုဟာက မအေလဲဖမ်းထားတယ်။ ဖအေက ရှောင်နေရ တယ်ဆိုတော့ ကလေးတွေ ဒုက္ခရောက်တာပေါ့။"

အမေက အဖမ်းခံရ အဖေကထွက်ပြေးနေရလို့ မိဘမရှိပေမဲ့ ဝမ်းနည်းအားငယ်စိတ်ဝင်မိပေမဲ့ ကြောက်စိတ်ကတော့ လုံးဝမရှိဘူးလို့ ဆရာငြိမ်းသစ်ရဲ့သမီးဖြစ်သူ မေရီငြိမ်းချမ်းက အခုလို ဆက်ပြောပါတယ်။

"အမေတို့အဖေတို့က တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်အနစ်နာ ခံပြီးတော့ လုပ်နေတဲ့ ဘုန်းကြီးတွေအတွက်ကို ထောက်ခံအားပေးတာနဲ့တော့ သမီးတို့က ကြောက်စိတ်လဲမရှိပါဘူး။ ထောက်ခံအားပေးတဲ့အတွက် သမီးတို့ လဲ ထောက်ခံပါတယ်ရှင်။ သမီးတို့ တနိုင်ငံလုံးစည်းလုံးညီညွတ်မှသာ အာ ဏာရှင်တွေလက်အောက်ကနေ လွတ်မယ်လို့ ထင်လို့ပါ။" နိုင်ငံရေး အကျဉ်းသားဟောင်း ကဗျာဆရာငြိမ်းသစ်ကို ပြီးခဲ့တဲ့ (၂၄) ရက်နေ့ကထဲက အာဏာပိုင်တွေက လိုက်လံရှာဖွေဖမ်းဆီးဖို့ ကြိုးစားခဲ့တဲ့အတွက် ထွက်ပြေး တိမ်းရှောင်နေရတာဖြစ်ပြီး ဇနီးဖြစ်သူ ဒေါ်ခင်မာလာကိုတော့ ပြီးခဲ့တဲ့လ (၂၅) ရက်နေ့ ညက ဆရာငြိမ်းသစ်ကို မတွေ့တဲ့အတွက် နယ်မြေခံ ရဲသတင်းတပ်ဖွဲ့ ဒုရဲအုပ်ညွန့်ဝင်း ဦးဆောင်တဲ့အဖွဲ့က နေအိမ်ကနေ ဖမ်းဆီးသွားခဲ့တာပါ။ ■

## ဒေါ်အောင်ဆန်းစုကြည်ကို အိန္ဒိယသံအမတ် တွေ့ဆုံခွင့်ရခဲ့ဟု အိန္ဒိယသတင်းဌာနများက ဖော်ပြ

*ဒီဗွီဘီ၊ ၁၀ အောက်တိုဘာလ၊၂၀၀၇*

နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာနိုင်ငံ ဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ဘာရှကာ ကူးမားမီသရက လွန်ခဲ့တဲ့ရက်သတ္တ (၂) ပတ်လောက်မှာ တွေ့ဆုံခွင့်ရခဲ့ကြောင်း အိန္ဒိယမီဒီယာတချို့မှာ ဒီနေ့စတင်ဖော်ပြနေပါတယ်။ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ကနေ တနိုင်ငံလုံးဖြန့်ချိတဲ့ အင်ဒီးယားအိတ်စပရက်စ် (The Indian Express)၊ ဟင်ဒူ (The Hindu) နဲ့ NDTV ရုပ်မြင်သံကြား လိုင်းတို့ကနေ ဖော်ပြနေကြပါတယ်။ ဘာတွေဆွေးနွေးခဲ့တယ်၊ ဘယ်မှာတွေ့ဆုံခဲ့ တယ်ဆိုတာတော့ သတင်းများမှာ မဖော်ပ ါဘူး။ ဒီသတင်းကိုအတည်ပြုနိုင်ဖို့ ဒီဗွီဘီက ကြိုးစားနေဆဲဖြစ်ပါတယ်။

အဓိကတွေ့ဆုံ ခွင့်ရရှိသူဆိုတဲ့ အိန္ဒိယ သံအမတ်ကြီး ဘာရှကာကူးမားမီသရရှိရာ ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးကို ဆက်သွယ်ပေမယ့် ဖြေကြားခြင်း မပြုပါဘူး။ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ နိုင်ငံခြားရေးဌာနကို မေးမြန်းကြည့်ရာမှာလည်း အတည်ပြုချက် မရရှိပါဘူး။ ဒီသတင်းနဲ့ပတ်သက်ပြီး အတည်ပြုချက်မရသေးပေမယ့် မြန်မာပြည်မှာ မကြာမီဖြစ်ပွားခဲ့ တဲ့ သံဃာတော်များနဲ့ လူထုလှုပ်ရှားမှုများနဲ့ မြန်မာစစ်တပ်ရဲ့ အကြမ်းဖက် သတ်ဖြတ်ဖမ်းဆီးမှုများကြောင့် အိန္ဒိ ယမီဒီယာတွေမှာ မြန်မာသတင်းကို အခုထိ အဓိကနေရာမှာ ဖော်ပြနေပါတယ်။ မြန်မာအရေးထောက်ခံတဲ့ အိန္ဒိယလူထုလှုပ်ရှားမှုများလည်း ဒေသအသီးမှာ အားကောင်းနေတာကြောင့် အိန္ဒိယအစိုးရကလည်း မြန်မာအရေးမှာ အရင်ကနှုတ်ဆိတ်နေရာက ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့မကြာသေးမီက တောင်းဆိုခဲ့ပါတယ်။ ■

---

## ကိုကျောက်ခဲကို စီရင်ချက်ချမည်

*ဒီဗွီဘီ၊ ၁၀ အောက်တိုဘာလ၊၂၀၀၇*

သံဃာတော်များဆန္ဒပြပွဲများကို နအဖစစ်တပ်က အကြမ်းဖက်ဖြိုခွဲတဲ့ ရုပ်မြင်သံကြားသတင်းကို ကြည့်ပြီး "ထေရဝါဒဗုဒ အခွန့်ရှည်ပါစေ"လို့ ကြွေးကြော်မိသူ လူငယ်တဦးကို မနက်ဖြန် မှာ မကွေးတိုင်း အောင်လံမြို့နယ် တရားရုံးက စီရင်ချက်ချမှတ်တော့မယ်လို့ တရားရုံးနဲ့နီးစပ်သူများက ပြောပါတယ်။

အောင်လံမြို့က ပန်းချီဆရာတဦးဖြစ်သူ ကိုကျောက်ခဲ ခေါ် ကိုအောင်ဆန်းဦးဟာ ပြီးခဲ့တဲ့ စက်တင်ဘာ (၃၀) ရက်မှာ ဗွီဒီယိုရုံတခုအတွင်း လုံထိန်းရဲများက သံဃာတွေရိုက်နှက်နေတဲ့ ဂြိုဟ်တုသတင်းကိုကြည့်ပြီး "ထေရဝါဒဗုဒ္ဓဘာသာ အခွန့်ရှည်ပါစေ" လို့ ရုတ်တရက်ကြွေးကြော်မိလိုက်ပါတယ်။ ရဲနဲ့ကြံ့ဖွံ့(ပြည်ခိုင်ဖြိုး) အဖွဲ့ဝင်များက ကိုကျောက်ခဲကိုလာရောက်ဖမ်းဆီးပြီး အောင်လံတရားရုံး မှာ ပုဒ်မ ၅၀၅ (ခ) နိုင်ငံတော်ကို အကြည်ညိုပျက်စေမှုနဲ့ တရားစွဲခဲ့ပါတယ်။ အောင်လံကရှေ့နေတွေကိုလည်း ဒီအမှုမှာ ကိုကျောက်ခဲဘက်က ရှေ့နေမလိုက်ဖို့ စစ်ထောက်လှမ်းရေးတွေက ဖိအားပေးတာကြောင့် ကိုကျောက်ခဲဟာ ရှေ့နေငှားခွင့်မရဘူးလို့ တရားရုံးနဲ့ နီးစပ်သူ က ပြောပါတယ်။

ကိုကျောက်ခဲက "အစိုးရလုပ်ရပ်ဟာ ဗုဒ္ဓဘာသာကို ဖျက်ဆီးနေသလို ဖြစ်နေပြီး သာသနာညှိုးမှိန်မယ့်အရေး မြင်တွေ့နေရလို့ အော်ဟစ်လိုက်တာလို့ အခုလ (၈) ရက် တရားရုံးထုတ်စဉ်က ထွက်ဆိုပြောကြားခဲ့ပါတယ်။ အထက်အမိန့်အရ ကိုကျောက်ခဲကို မနက်ဖြန်မှာ အနည်းဆုံးထောင်ဒဏ် (၂) နှစ်ချမှတ်မှာ သေချာကြောင်း တရားရုံးနဲ့နီးစပ်သူများက ပြောပါတယ်။

ကိုကျောက်ခဲဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တဦး ဖြစ်ပါတယ်။ သူက တပ်မတော်ဖခင် ဗိုလ်ချုပ်အောင်ဆန်း လက်မှတ်ထိုးနေပုံကို ပန်းချီဆွဲပြီး လွန်ခဲ့တဲ့ဇန်နဝါရီ လွတ်လပ်ရေးနေ့ ရန်ကုန်အဖွဲ့ချုပ်ရုံး ပန်းချီပြပွဲမှာပြသခဲ့ပါတယ်။ ကမ္ဘာလှည့်ခရီးသွားတဦးက လက်ရာမြောက်လို့ဆိုပြီး အဲဒီပန်းချီကားကို ဒေါ်လာ (၂၀၀) ပေးပြီးဝယ်ယူသွားပါတယ်။ ■

---

## ပဲခူး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လှ ပြန်လွှတ်

*ဒီဗွီဘီ၊ ၉ အောက်တိုဘာလ၊၂၀၀၇*

(၂) ကြိမ်တိတိ ခေါ်ယူစစ်ဆေးခံခဲ့ရတဲ့ ပဲခူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လှကို နေ့ချင်း ပြန်လွှတ်ပေးခဲ့ပေမဲ့ ကျန်အဖွဲ့ချုပ်ဝင်တွေကတော့ ဆက်လက် ဖမ်းဆီးခံထားရဆဲ ဖြစ်ပါတယ်။ ဦးမြတ်လှကို စက်တင်ဘာလ (၂၈) ရက်နေ့မှာ တကြိမ်၊ အခု အောက်တိုဘာလ (၂) ရက်နေ့မှာ တကြိမ် အာဏာပိုင်တွေက (၂) ကြိမ်တိတိ တနေကုန် ခေါ်ယူမေးမြန်းခဲ့ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဦးမြတ်လှက အခုလို ပြောပြပါတယ်။

"(၂၈) ရက်နေ့ကတခါ ခေါ်သွားတယ်။ ညကြတော့ ပြန်လွှတ်လိုက်တယ်။ (၁၀) နာရီလောက် ပြန်လွှတ်လိုက်တယ်။ နောက် တခါ (၂) ရက်နေ့က တခါ ထပ်ခေါ်တယ်။ ဒုတိယ အကြိမ်။ ထပ်ခေါ်ပြီးတော့ ည (၈) နာရီခွဲလောက် ပြန်လွှတ်လိုက်တယ်။ အမေလေး မေးလိုက်တာတော့ မပြောနဲ့ သမီးရေ။ ခုနှစ်ဖွဲ့ ရှစ်ဖွဲ့လောက်ရှိတယ် မေးတာ။ ပဲခူးမှာ ဆန္ဒပြတာ ဘုန်းကြီးတွေကို ဘာဘတို့က ဝင်စည်းရုံးတယ်ပေ့ါလေ။ ဘာမှ မဆိုင်ဘူး ဘုန်းကြီးတွေနဲ့ ကျနော်တို့နဲ့။ မဝတ ဉက္ကဋ္ဌလဲ ပါတယ်။ နောက်တခါ ရဲဖက်ကလဲ ပါတယ်။ အက်စ်ပီကလဲ ပါတယ်။ မှူးယစ်ကတောင် ပါတယ်။ ဘာဘကလဲ မေးတယ် ခင်ဗျားတို့နဲ့ ဘာဆိုင်လို့လဲဗျပြောတော့ တာဝန်ပေးလို့ပါတဲ့။ စစ်တာကတော့ အခုနကပြောသလို ရိုရိုသေသေ စစ်ကြပါတယ်။ ကောင်းကောင်းမွန်မွန် စစ်ကြပါတယ်။"

ပဲခူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လှ ပြောပြသွားတာပါ။ အဖွဲ့ချုပ်ဗဟိုကတော့ ဇီးကုန်းမြို့နယ်မှ ဒေါ်ခင်ဝိုင်း အပါအဝင် ပဲခူးတိုင်းကအဖွဲ့ချုပ်ဝင် (၁၅) ဦး ဖမ်းဆီးခံထားရတယ်လို့ ပြောပါတယ်။ ဒ့ါအပြင် ဩဂုတ်လကုန်ပိုင်း ကုန်ဈေးနှုန်း ကျဆင်းရေး ဆန္ဒပြပွဲကာလအတွင်းကလဲ ပဲခူးမြို့က ရှေ့နေ ဦးအေးမြင့်နဲ့ ဦးစောလူမှန်တို့ (၂) ဦးကို ဖမ်းဆီးခံထားရပါတယ်။ သူတို့အားလုံး ပြန်လွှတ်လာမှု ရှိမရှိဆိုတာကိုတော့ ဆက်သွယ်လို့ မရသေးပါဘူး။

မကွေးတိုင်းအတွင်းက ဖမ်းဆီးခံထားရတဲ့ မကွေး၊ တောင်တွင်းကြီးနဲ့ ပခုက္ကူမြို့နယ်က အဖွဲ့ချုပ်ဝင်တွေကတော့ အခုချိန်ထိ ပြန်လွှတ်မလာသေးဘူးလို့ သိရပါတယ်။

"ဟို တောင်တွင်းကြီးကလေ (၂၅) ရက်နေ့ ညပေ့ါ ကျနော်တို့ ဦးပါလေးရယ်၊ နောက်ပြီးတော့ ဦးဗိုလ်စသီးရယ်လေ နှစ်ယောက် အဖမ်းခံရတယ်လေ။ အဲဒီနောက် ဦးခင်မောင်နိုင်ရယ်၊ ဦးအောင်ကိုရယ် ဦးကျော်နိုင်ရယ် သုံးဦးကို နောက်ထပ် အသုတ်ကို ဖမ်းခံရတယ်လေ။ နောက်နေ့ မနက်နည်းနည်း နေမြင့်တော့မှာ အဲဒီလမ်းမဝက်ကနေ ပြန်လာတဲ့ ခရီးသည်တယောက်က အဲဒီ မြို့သစ်နားက ရွှေပန်းပင်ချောင်း ရေကျလို့ အဲဒီမှာ ကားတွေ ကူးမရဘူးပေ့ါ။ အဲဒီမှာ ကားတစီးပေါ်မှာဦးခင်မောင်နိုင်တို့ ဦးအောင်ကိုတို့ကို သူတွေ့ခဲ့တယ်ဆိုပြီးတော့ ပြောတယ်ဗျာ။ အဲဒီမှာ ဦးအောင်ကိုရဲ့ အမျိုးသမီး မစုစုလှိုင်က ဦးအောင်ကိုအတွက်ပေ့ါလေ

အဝတ်အစား ပေးရအောင်ဆိုပြီးတော့ ဆိုင်ကယ်နဲ့ အမြန်လိုက်သွားတယ်ဗျ။ လိုက်သွားတော့ အဲဒီချောင်းမှာ သူတို့ မရှိတော့ဘူး။ အဲဒီကို သွားပို့တဲ့ ရဲတွေစီးတဲ့ကားနဲ့ လမ်းမှာတွေ့တယ်။ အဲဒီမှာ တားပြီးတော့ မေးတယ်ပေါ့။ မေးတော့ သူတို့ ဘယ်ပို့တယ်ဆိုတာကိုတော့ ပြောလို့မဖြစ်ဘူးပေါ့။ အဲဒီတော့ ဆက်လဲမလိုက်ပါနဲ့ တွေ့လဲတွေ့ရမှာ မဟုတ်ဘူး ပြောတော့ မစုစုလှိုင်တို့လဲ ပြန်လာတယ်လို့ ပြောတယ်။ အဲ မတွေ့ရဘူးဗျ ကျနော်တို့ ဒီ ဖမ်းဆီးခေါ်ဆောင်သွားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့လေ မိသားစုတွေကို ဘာမှာ မပြောသေးဘူး။ ”

သူတို့မြို့နယ်က အဖွဲ့ချုပ်ဝင် (၅) ဦး ပြန်မလွှတ်သေးတဲ့ အကြောင်း တောင်တွင်းကြီးမြို့နယ် အဖွဲ့ချုပ်ဝင်တဦး ပြောပြသွားတာပါ။ အဖွဲ့ချုပ်ဗဟိုကတော့ မကွေးတိုင်းအတွင်းက အဖွဲ့ချုပ်ဝင် (၁၇) ဦး ဖမ်းဆီးခံထားရတယ်လို့ စာရင်းထုတ်ပြန်ထားပါတယ်။

အလားတူ မန္တလေးတိုင်းအတွင်းမှာလဲ တိုင်းစည်းအဖွဲ့ဝင် ဒေါ်ဝင်းမြမြ၊ လူငယ်အဖွဲ့ဝင် ကိုမျိုးနိုင်နဲ့ လွှတ်တော်ကိုယ်စားလှယ် (၂) ဦး အပါအဝင် စုစုပေါင်း အဖွဲ့ချုပ်ဝင် (၃၁) ဦး ဖမ်းဆီးခံထားရပါတယ်။ သူတို့အားလုံး ပြန်လွှတ်မလာသေးတဲ့အတွက် စိုးရိမ်ပူပန်နေတဲ့အကြောင်း ကိုမျိုးနိုင်ရဲ့ဇနီးက အခုလို ပြောပြသွားပါတယ်။

“မတွေ့ရပါဘူးရှင့်။ ဘယ်မှာထားတယ်ဆိုတာလဲ မသိရပါဘူး။ လာခေါ်တုန်းကတော့ သူတို့ အက်စ်ပီလို့ ပြောတာပဲ။ ကလေးတွေကတော့ ငယ်ပါတယ်။ တယောက်ကတော့ သူက စသုံးလုံးလို့ ပြောပါတယ်။ အဲ အကြီးတယောက်ပဲပါတယ်။ ကျန်တဲ့ဟာကတော့ အက်စ်ပီကဆိုတာကတော့ နည်းနည်းခပ်ငယ်ငယ် ကလေးတွေပဲ။ အဲဒီနေ့ကတော့ သူတို့ကတော့ ခဏလေးပဲ ခေါ်မေးရုံပဲ မေးတာလို့ ပြောတာ။ ဒါပေမဲ့ ကျမတို့ကတော့ အဲလိုပဲ ခဏခဏပါသွားဖန် များတော့ ကျမတို့ကတော့ အဲလိုပဲလို့ ခဏလေးပဲ ဆိုပြီးတော့ ခေါ်သွားပြီးတော့ နောက်ကျတော့ ပေါ်မလာတော့ဘူးပေါ့နော်။ အဲဒါကြောင့် ကျမတို့ အဝတ်အစား ထည့်ပါရစေဆိုပြီးတော့ အဝတ်အစား ထည့်တယ်။ သူက အရင်ကတော့ ပန်းနာရှိတယ်။ အဲဒါကတော့ သူက ရာသီဥတု အေးရင်ပြန်ပြန် ပေါ်တတ်တယ်။ ဟိုလို ရောဂါကြီးတော့ မရှိဘူးပေါ့။ ကျမတို့ကလဲ ကျမတို့ သက်တမ်းတလျှောက်မှာ ဒီဟာတွေပဲ ကြုံတွေ့နေရတော့လေ ဒီဟာတွေကို အဆုံးသတ်စေချင်ပြီ။ အဲလို ဖြစ်နေတယ် စိတ်ထဲမှာလေ။ ဒီမတိုင်ခင်တုန်းကလဲ ထောင် (၇) နှစ်သူ ကျဖူးတယ်။ ဒါရောဆိုရင် အဲလို ခေါ်ခေါ်သွားတာ လေးကြိမ်ရှိပြီရှင့်။”

မန္တလေးတိုင်း အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင် ကိုမျိုးနိုင်ရဲ့ဇနီး ပြောပြသွားတာပါ။ တနိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင်တော့ လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦး အပါအဝင် စုစုပေါင်း အဖွဲ့ချုပ်ဝင် (၂၀၀) ကျော်

## ဦးသန်းလွင်မိသားစုဝင်များ ထောင်ချခံရ

***ဒီဗွီဘီ၊ ၉ အောက်တိုဘာလ၊၂၀၀၇***

ကြံ့ခိုင်ရေးအသင်းကနေ ခြိမ်းခြောက်ကြိမ်းဝါးမှုနဲ့ တရားစွဲထားတဲ့ မတ္တရာမြို့နယ် အဖွဲ့ချုပ်ဝင်တွေနဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်ရဲ့ မိသားစုဝင်တွေကို အခုလ (၅) ရက်နေ့မှာ မြို့နယ်တရားရုံးက ထောင်(၅)နှစ်ကနေ (၇) နှစ်အထိ အသီးသီးချမှတ်လိုက်တယ်လို့ သူတို့ရဲ့အကျိုးဆောင်ရှေ့နေက ပြောပါတယ်။ တရားစွဲခံရသူ (၉) ဦးအနက် မြို့နယ်အဖွဲ့ချုပ်ဝင် ဦးညိုကြီးကို ထောင် (၇) နှစ် ချမှတ်လိုက်ပါတယ်။ ဦးသန်းလွင်ရဲ့ မိသားစုဝင် (၄) ဦးဖြစ်တဲ့ ဒေါ်ခင်မကြီး၊ ဒေါ်ခင်မလေး၊ ဦးဇော်မင်းလွင်နဲ့ ဦးဉာဏ်စိန်၊ မြို့နယ်အဖွဲ့ချုပ်ဝင်တွေ ဖြစ်ကြတဲ့ ဦးညိုလေး၊ ကိုကျော်စွာ၊ ကိုသောင်းနိုင်နဲ့ သူတို့ရဲ့ အဖော်တဦးဖြစ်တဲ့ ကိုညီညီတို့ကိုတော့ ထောင် (၅) နှစ်စီ အသီးသီး ချမှတ်လိုက်ပါတယ်။ ဒီကိစ္စ အသေးစိတ်သိနိုင်ဖို့အတွက် သူတို့ရဲ့ အကျိုးဆောင်ရှေ့နေ ဦးမြင့်သွင်ကို ဆက်သွယ်မေးမြန်းတဲ့အခါ အမိန့်ချမှတ်ခဲ့ပုံကို သူက အခုလို စရှင်းပြပါတယ်။

“ကြံ့ခိုင်ဖွံ့ဖြိုးရေး မြို့နယ်အတွင်းရေးမှူး ဦးကျော်မင်းဆိုတဲ့ သူက ဦးညိုကြီးကနေပြီးတော့ ဦးသန်းလွင်ထိုးသွားတဲ့ သူက ဒီကြံ့ခိုင်ဖွံ့ဖြိုးရေး ရုံးထဲကို ဝင်သွားတယ်။ အဲဒီလူကို တွေ့အောင်ရှာတွေ့ရင် သတ်ပစ်မယ်။ မတွေ့ရင်လဲ ရုံးကို မီးရှို့ပစ်မယ်လို့ ကြိမ်းဝါးပါတယ်လို့ ပြောတယ်ဆိုပြီးတော့ တရားရုံးမှာ အမှုစွဲတယ်။ (၅၀၆) နဲ့ စွဲခွင့်ပြုတယ်။ (၅၀၆) ဒုတိယပိုင်းနဲ့။ စွဲတဲ့အခါမှာ လိုပြသက်သေ (၇) ယောက်ပြတယ်။ နှစ်ယောက်က တရားလို ပြောသလိုမျိုး ဦးညိုကြီးဟာ ကြိမ်းဝါးတယ်။ အဲလိုမျိုး သတ်ပစ်မယ် မီးရှို့ပစ်မယ်လို့ စကားလုံးမျိုးနဲ့ ပြောတယ်လို့ သက်သေထွက်တယ်။ ကျန်တဲ့ (၈) ယောက်ကတော့ ဘာမှ မပြောဘူး ဒီ အတိုင်းပဲ ရပ်ကြည့်နေတယ်လို့ ထွက်တယ်။ ကျနော်တို့ (၅၀၆) ဆိုတာက ထောင်ဒဏ် (၂) နှစ်ပဲ ချလို့ရတယ်။ အဲဒီမှာ (၅၀၆) ဒုတိယပိုင်းဆိုတာက သတ်ပစ်မယ်လို့ မီးရှို့ပစ်မယ်တို့ စကားလုံးမျိုး ပါလာရင် ထောင်ဒဏ် (၇) နှစ်ထိ ချလို့ရတယ်။ အဲဒီ သတ်ပစ်မယ်လို့ မီးရှို့ပစ်မယ်ဆိုတဲ့ စကားလုံးတွေနဲ့ စွဲချက်တင်ဖို့ အတွက် ဦးညိုကြီးကို (၅၀၆) ဒုတိယပိုင်းနဲ့ စွဲချက်တင်လိုက်တယ်။

ကျန်တဲ့ (၈) ယောက်ကတော့ သက်သေတွေက မထွက်သော်လဲပဲတဲ့ ဦးညိုကြီး ဦးညိုကြီး ကြိမ်းဝါးဆဲဆိုတဲ့ နေရာမှာရပ်ကြည့်နေလို့လို့ သုံးသပ်ပြီးတော့ (၅၀၆) ဒုတိယပိုင်း (၁၁၄) ဆိုတာ အားပေးကူညီတယ်လို့ စွဲချက်တင်လိုက်တယ်။ ဦးညိုကြီးကိုထောင်ဒဏ် (၇) နှစ်ချတယ်။ ကျန်တဲ့ (၈) ယောက်ကို (၅) နှစ်ဆီ ချလိုက်တယ်။ အဲဒီ (၅) ရက်နေ့မှာ ထောင်ချပြီးတာနဲ့ တခါတည်း မန္တလေးထောင်ကို တန်းပို့လိုက်ကြတယ်။” သာမန်ခြိမ်းခြောက်ကြိမ်းဝါးမှုကို (၅) နှစ်ကနေ (၇) နှစ်အထိ ချတယ်ဆိုတော့ မများလွန်းဘူးလား။ အရင်ကရော အန်ကယ် ဦးမြင့်သွင်ရဲ့ ရှေ့နေ သက်တမ်းတလျှောက်မှာပေါ့နော် အရင်ကလဲ ဒီလောက်ထိ ပြစ်ဒဏ်ပေးတာမျိုးကော ကြုံခဲ့ဖူးလား။

“ဟုတ်ကဲ့ပါ ဒါဟာ မြန်မာပြည်မှာ (၅၀၆) နဲ့ ပတ်သက်ရင် ထူးခြားတဲ့ ဗမာပြည်သက်တမ်း ဥပဒေ သက်တမ်းမှာတောင် မရှိနိုင်တဲ့ ပြစ်ဒဏ် ဖြစ်ပါလိမ့်မယ်။ ဦးသန်းလွင်ဆိုတာက အသက် (၇၀) လောက်ရှိတဲ့ အဘိုးကြီးပဲ။ လွှတ်တော်ကိုယ်စားလှယ်ကို လက်သီးနဲ့ ထိုးတာက ပြည်သူ တသိန်းခွဲ နှစ်သိန်းလောက်ကို လက်သီးနဲ့ ထိုးတာနဲ့ အတူတူပဲ။ နောက်တခု ဒီလက်သီးနဲ့ထိုးသွားတဲ့ သူကို လူမှုရေးအသင်းဖြစ်တဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးက ကူညီပြီးတော့ ကာကွယ်ပေးရမဲ့အစား လက်သီးနဲ့ ထိုးတဲ့သူကို ကာကွယ်သလို ဖြစ်တဲ့ ဒီ သူတို့ရဲ့ ရုံးရှေ့မှာလာပြီးတော့ သိက္ခာကျအောင် လုပ်ပါတယ်။ သူတို့ကို ကြိမ်းဝါးပါတယ်ဆိုပြီးတော့ ရှာဖွေတဲ့ သူတွေကို တရားခံဖြစ်အောင် ဖန်တီးလိုက်တယ်။ နောက်တခုက ကျနော်တို့ရဲ့ အတွေ့အကြုံအရ ဥပဒေအရ (၅၀၆) တို့ မည်သည်မှာ ဒဏ်ငွေလောက်ပဲ ရိုက်ပါတယ်။ အလွန်အကျွံတောင်မှ လပိုင်းတောင် ချခဲ့ပါတယ်။ ဒီအမှုထဲမှာ တရားသူကြီး သုံးသပ်ထားတာက တော်တော်ထူးဆန်းတာက နိုင်ငံတော် ပုန်ကန်မှုအထိ သုံးသပ်ထားတယ်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးရုံးရှေ့မှာကသွားပြီးတော့ ဆူပူတယ်။ ဒီ သတ်ပစ်မယ် မီးရှို့မယ်ပြောတာက အဖွဲ့အစည်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့အတွက် ထိရောက်တဲ့ ပြစ်ဒဏ်လို့ သုံးနှုန်းပြီးတော့ ဦးညိုကြီးကို ပြစ်ဒဏ် အဆုံးအထိ ပြစ်ဒဏ် (၇) နှစ်အထိ ချလိုက်တာဖြစ်တယ်။”

ဒီဗွီဘီ။ ။ ဦးသန်းလွင်ဖက်က စွဲထားတဲ့အမှုကရော ဘယ်လို အခြေအနေရှိပါလဲ။

“လက်သီးနဲ့ထိုးသွားတဲ့ တရားခံကို လုံးဝအရေးမယူဘူး။ ဦးသန်းလွင်က ရဲစခန်းမှာ လက်သီးနဲ့ထိုးသွားတဲ့တရားခံကို ရဲစခန်းမှာ ပန်ပါတ် (၄၀၁/၂၀၀၇) နဲ့ အမှု ဖွင့်ထားတယ်။ တရားခံကို ဒီနေ့အထိ ရှာဖွေဖမ်းဆီးမိခြင်း မရှိသေးဘူး။ ကျနော်ကတော့ အဆုံးအထိ တက်မှာပါ။ သူတို့ဘယ်လို ပယ်ပယ် တက်မှာပဲ။ ဘာကြောင့်လဲဆိုတော့ ဒါသူတို့ အပြစ်တခု မဟုတ်ဘူး။ နိုင်ငံရေးရဲ့ သားကောင်ဖြစ်သွားလို့ပါ။ဒါ အခု ထောင်ကျတဲ့ သူတွေသာ ပြစ်မှုကျူးလွန်တာ မဟုတ်ပါဘူး။ မတ္တရာမြို့မှာဖြစ်ခဲ့တဲ့ ဒီ (၅၀၆) အမှုလေးဟာ ရာဇဝတ်မှု မဟုတ်ပါဘူး။ နိုင်ငံရေးရဲ့ သားကောင် ခေတ်စနစ်ရဲ့ သားကောင် ဖြစ်သွားတာပါ။ ဒါကြောင့်မလို့ အပြစ်မရှိတဲ့ အတွက် ဆက်ပြီးတော့ အယူခံ တက်ရမှာပါ။”

မတ္တရာမြို့နယ် အဖွဲ့ချုပ်ဝင်တွေနဲ့အတူ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်ရဲ့ မိသားစုဝင်တွေဟာ ပြီးခဲ့တဲ့ ဇွန်လ (၁၅) ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်မြောက်ရေးအတွက် ဆုတောင်းပွဲပြုလုပ်ခဲ့ကြပါတယ်။ ဆုတောင်းပွဲက အပြန်မှာ အမည်မသိလူတဦးက ဦးသန်းလွင်ရဲ့မျက်နှာကို သံလက်သီးနဲ့ ဝင်ရောက်ထိုးနှက်ခဲ့ပြီး ကြံ့ခိုင်ရေးရုံးထဲ ဝင်ပြေးသွားခဲ့ပါတယ်။ ဒ့ါကြောင့် ဦးသန်းလွင်ရဲ့ သားသမီး (၄) ဦးနဲ့ အတူ အဖွဲ့ချုပ်ဝင်တချို့က ရုံးရှေ့ကိုလိုက်သွားပြီး တရားခံကိုဖော်ထုတ်ပေးဖို့ ပြောဆိုရာမှာ မြို့နယ်ကြံ့ခိုင်ရေးအသင်း အတွင်းရေးမှူး ဦးကျော်မင်းက ခြိမ်းခြောက်ကြိမ်းဝါးတယ် ဆိုပြီး တရားစွဲခဲ့တာဖြစ်ပါတယ်။■